၇။ မြင့်မြတ်လှတဲ့ ရဟန်းသီလ

ဆရာတော် ။ ။ သပြေကန်ဆရာတော်ကြီးအကြောင်း ပြောပြဦးမယ်နော်။

Dr. အောင်သူ ။ ။ တွဲဖက်သာသနာပိုင်ဆရာတော်ကြီးအကြောင်း ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သပြေကန်ဆရာတော်ဘုရားကြီး အမှတ်(၂)၊ စစ်ဆေးရုံမှာ စစ်ဆေးကုသမှု ခံယူနိုင်ဖို့ ဆေးရုံတက်နေချိန်က ဖြစ်ပါတယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီး ဘာရောဂါဖြစ်တာပါလဲဘုရား။

ဆရာတော် ။ ။ ဆီးရောဂါဖြစ်တာပါ။

ဆရာတော် ။ ။ ဆရာဝန်သမားတော်ကြီးများက မတ်တတ်ရပ်ပြီး ကျင်ငယ်စွန့်ဖို့ လျှောက်ကြပါသော်လည်း ဆရာတော်ကြီးက အာပတ်သင့်မှာကို မလိုလားတဲ့အတွက် မတ်တတ်ရပ် ကျင်ငယ်မစွန့်ခဲ့ဘူး ဒကာကြီး။

M.Sc ကျောင်းသား ။ ။ ဘုရားဥပဒေတော်ကလည်း တိကျသေချာလိုက်တာဘုရား။

ဆရာတော် ။ ။ တိကျတယ်။ ဂိလာနမဟုတ်ပါဘဲ၊ ရုပ်လျက်ကျင်ငယ်စွန့်ခွင့် မရှိဘူး။ စွန့်ရင် ဒုက္ကဋ်အာပတ်သင့်တယ်။

Dr. အောင်သူ ။ ။ ဆရာတော်ကြီး ဂိလာနဖြစ်နေပြီဆိုတော့လည်း အာပတ် မသင့်လောက်ပါဘူးဘုရား။

ဆရာတော် ။ ။ ဒါပေမဲ့ ဆရာတော်ကြီးက ဒီရောဂါအကြောင်းပြုပြီး မိမိကိုယ်ကို ဂိလာနလို့ ခံယူပြီး ဝိနည်းအရာခွင့်ပြုချက်ကို ယူလိုဟန်မရှိဘူး။

Dr. အောင်သူ ။ ။ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။

ကျမ်းညွှန်း

* မောင်ရင့်ကျူး (မြောင်းမြ)၏ နှစ်ဆယ်ရာစု၏ သုတဗုဒ္ဓတစ်ဆူ၊ သပြေကန် ထေရရာပြည့်ဂုဏ်ပူဇော (၂၀၁၂-ခုနှစ်) (နှာ-၂၀)
* ပါဒုကဝဂ္ဂ၊ သေဒိယသိက္ခာပဒ၊ ပါစိတ္တိယပါဠိ (နှာ-၂၇၀)